# မြန်မာနိုင်ငံ ကုမ္ပဏီများ ဥပဒေ (မူကြမ်း)နှင့်စပ်လျဉ်း၍ ညှိနှိုင်းဆွေးနွေးခြင်း [1]

Posted on 06 July 2017

မြန်မာနိုင်ငံ ကုမ္ပဏီများ ဥပဒေ မူကြမ်းနှင့် စပ်လျဉ်း၍ ညှိနှိုင်းဆွေးနွေးခြင်းကို အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ ဥက္ကဋ္ဌ၊ ဦးဇော်မင်း ဦးဆောင်ပြီး ၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၄ ရက်နေ့ နံနက် ၁၀:၀၀ နာရီတွင် အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ အစည်းအဝေးခန်းမ၊ ရေးရာဆောင် အမှတ်-၁၆၊ နေပြည်တော်၌ ကျင်းပပြုလုပ်ခဲ့ပါသည်။ အဆိုပါ ညှိနှိုင်းဆွေးနွေးပွဲသို့ ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ် သုံးသပ်ရေးကော်မရှင်၊ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုသ

မ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်၊ မြန်မာနိုင်ငံလက်မှတ်ရ ပြည်သူစာရင်းကိုင်များအသင်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှု ဦးစီးဌာန မှ တာဝန်ရှိသူများ နှင့် ADB မှ ဥပဒေပညာရှင်များ တက်ရောက်ခဲ့ပါသည်။

© Copyright DICA 2021. All rights reserved.

Made by Inspiral Creative